# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၉၉ ) ရက်စွဲ။၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | စီမံကိန်းအဆိုပြုသူ | - U Myo Win (Manager) |
| (ခ) | ဆက်သွယ်ရန် လိပ်စာ | - Myanmar Conch (Mandalay) Green Building Materials Co.,Ltd.<br>No.465, Dahattaw Village, East Suekhout Nat, Patheingyi Township, Mandalay, Myanmar.<br>ဖုန်း– 959 780877877 |
| (ဂ) | စီမံကိန်းအမျိုးအစား | - PVC profiles၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများ ထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း |
| (ဃ) | စီမံကိန်းကာလ | - အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | စီမံကိန်း၏ အရွယ်အစား | - မြေဧရိယာ ( ၈.၃ ) ဧက |
| (စ) | စီမံကိန်းတည်နေရာ | - မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆူးခေါက်နက်ကွင်း အရှေ့ဘက်၊ ဒဟတ်တောကျေးရွာ၊ အမှတ် ၄၅၆-ခ/၂။ |
| (ဆ) | ECC သက်တမ်း (၅)နှစ် | - စတင်ထုတ်ပေးရက် - ၂-၁-၂၀၂၅<br>- သက်တမ်းကုန်ဆုံးရက်.- ၁-၁-၂၀၃၀ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | - Myanmar Conch (Mandalay) Green Building Materials Co.,Ltd.၏ ၂၀-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ MCM/ ၀၀၁/ ၉ / ၂၀၂၄ ဖြင့် တင်ပြသည့် " **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ**" |



၁၄.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆူးခေါက်နက်ကွင်းအရှေ့ဘက်၊ ဒဟတ်တောကျေးရွာအုပ်စုရှိ မြေဧရိယာ (၈.၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် PVC profilesများ၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ဆူးခေါက်နက်ကွင်းအရှေ့ဘက်၊ ဒဟတ်တောကျေးရွာ၊ အမှတ် ၄၅၆-ခ/၂ ရှိ မြေဧရိယာ (၈.၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် PVC profilesများ၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်းအတွက် Myanmar Conch (Mandalay) Green Building Materials Co.,Ltd. ၏၂၀-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ MCM/၀၀၁/၉/ ၂၀၂၄ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U Myo Win, Manager, Myanmar Conch (Mandalay) Green Building Materials Co.,Ltd., No.465, Dahattaw Village, East Suekhout Nat, Patheingyi Township, Mandalay, Myanmar, 959-780877877 ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် စက်ရုံမြေဧရိယာပေါ်တွင် PVC profile ပုံသွင်းကုန်ထုတ်လိုင်း ၅ ခု ၊ PVC ပိုက် ပုံသွင်းကုန်ထုတ်လိုင်း ၄ ခု၊ PVC ပိုက် ပုံလောင်းသည့် ကိရိယာ ၆ စုံနှင့် စတီးလ်အရော တံခါးရွက်နှင့် ပြတင်းရွက်များ ကုန်ထုတ်လိုင်း ၂ ခု ပါဝင်သည့် အပေါ့စား စတီးလ်ဆောက်အဦ ၂ ခု တည်ဆောက်ရန် စီစဉ်ထားမည် ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်မှုများတွင်အဆောက်အဦ၏ အခြေခံအုတ်မြစ်ချခြင်းနှင့် အဆောက်အဦတည်ဆောက်ခြင်း အဆင့်များပါဝင်သည့် ဆောက်လုပ်ရေးအဆင့်၊ ကုန်ကြမ်းပြင်ဆင်ခြင်း၊ Profiles ထုတ်လုပ်ခြင်း၊ ပိုက်ထုတ်လုပ်ခြင်း၊ PVC ပိုက်ဆက်များ ထုတ်လုပ်ခြင်း၊ တံခါးရွက်နှင့် ပြတင်းတံခါးများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းရပ်များဖြစ်ပါသည်-

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဓိကဝယ်ယူမည်ဖြစ်ပြီး ပလတ်စတစ် စတီး profiles ပစ္စည်းများ၊ UPVC ပိုက်များနှင့် UPVC ပိုက်ဆက်များအား ထုတ်လုပ်မည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ (PVC, Calcium Carbonate, PE, Stabilizer, ACR, Ultramarine)ကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝယ်ယူမည်ဖြစ်ပြီး ကိုယ်တိုင်ထုတ် ရောစပ်ပစ္စည်း


များအား ပလတ်စတစ် profiles များ၊ UPVC ပိုက်များနှင့် UPVC ပိုက်ဆက်များအဖြစ် ထုတ်လုပ်မည် ဖြစ်ကြောင်း၊ PVC profiles (PVC ပစ္စည်းများ ထုတ်လုပ် မည့်ကုန်ချောများ)၊ ပိုက်များ၊ တံခါးများနှင့် တံခါးရွက်များ ထုတ်လုပ်မှုအတွက် ပျှမ်းမျှစွမ်းအင်သုံးစွဲမှု မှာ စုစုပေါင်းနှစ်စဉ် သန်း ၄.၃၅ kwh သုံးစွဲမည်ဖြစ်ပြီး နေ့စဉ်လျှပ်စစ်သုံးစွဲမှု ၁၄,၅၀၀ kwh ဖြစ်ကြောင်း၊ PVC profiles ပုံသွင်းထုတ်ကုန်လိုင်း ၅ခု၊ PVC ပိုက် ပုံသွင်းကုန်ထုန်လိုင်း ၄ခု၊ အအေးခံ တာဝါ ၂ ခု၏ စုစုပေါင်းစိမ့်ကိန်းရေသုံးစွဲမှုမှာ တစ်ရက်လျှင် ၁၃၅ ကုဗမီတာနှင့် တစ်နှစ်လျှင် ၄၁,၄၀၀ ကုဗမီတာဖြစ်ပါကြောင်း၊ ကုန်ကြမ်းပစ္စည်းများအားအောက်ပါ ဇယားများအတိုင်း အသုံးပြုသွားမည် ဖြစ်ပါသည်-

| No | Description | Unit | Daily Consumption | Yearly Consumption | Local/Import Procurement | Remark |
|---|---|---|---|---|---|---|
| 1 | PVC Resin | ton | 6.3014 | 2300 | Import | Raw Materials for Profile Production |
| 2 | Calcium carbonate | ton | 3.2877 | 1200 | Import | |
| 3 | Stabilizer TS-208T | ton | 0.2329 | 85 | Import | |
| 4 | Titanium dioxide | ton | 0.2466 | 90 | Import | |
| 5 | Chlorinated Polyethylene CPE | ton | 0.4384 | 160 | Import | |
| 6 | Modifier CPPA-01 | ton | 0.0822 | 30 | Import | |


| | | | | | | |
|---|---|---|---|---|---|---|
| 7 | PVC processing aid ACR (SRP-801) | ton | 0.0822 | 30 | Import | |
| 8 | Plasticizer SPLASTOL E5 | ton | 0.0685 | 25 | Import | |
| 9 | Ultramarine Blue | ton | 0.0027 | 1 | Import | |
| 10 | Nubiola V-5 | ton | 0.0019 | 0.7 | Import | |
| 11 | COMPOSITE STABILIZER B-668 | ton | 0.0548 | 20 | Import | |
| 12 | POLYMERS ACRYLATE B-23 | ton | 0.0548 | 20 | Import | |
| 13 | CALCIUM CARBONATE CC-318 | ton | 0.1233 | 45 | Import | |
| 14 | COMPOSITE STABILIZER B-888 | ton | 0.0384 | 14 | Import | Raw Materials for Pipe and Pipe Fittings |
| 15 | POLYMERS ACRYLATE PA-318 | ton | 0.0274 | 10 | Import | |
| 16 | INTERNAL LUBRICANT BLX-006 | ton | 0.0151 | 5.5 | Import | |
| 17 | DOP DIOCTYL PHTHALATE | ton | 0.0123 | 4.5 | Import | |
| 18 | Stearic Acid | ton | 0.0493 | 18 | Import | Raw Materials for Profiles, Pipe and Pipe Fittings |
| 19 | PE WAX | ton | 0.0493 | 18 | Import | |
| 20 | Powder blue | ton | 0.0019 | 0.7 | Import | |

၅။ **စီမံကိန်းတည်နေရာ။** စီမံကိန်းတည်နေရာမှာ Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆူးခေါက်နက်ကွင်း အရှေ့ဘက်၊ ဒဟတ်တောကျေးရွာ၊ အမှတ် ၄၅၆-ခ/၂ရှိ မြေဧရိယာ (၈.၃)ဧက ဖြစ်ပါသည်။


**Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ဆူးခေါက်နက်ကွင်းအရှေ့ဘက်၊ ဒဟတ်တောကျေးရွာအုပ်စုရှိ မြေရိယာ (၈.၃)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် PVC profilesများ၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်းအတွက် တည်နေရာပြမြေပုံ**



**Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆူးခေါက်နက်ကွင်းအရှေ့ဘက်၊ ဒဟတ်တောကျေးရွာအုပ်စုရှိ မြေဧရိယာ (၈.၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် PVC profilesများ၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်းအတွက် Layout**



## Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆူးခေါက်နက်ကွင်းအရှေ့ဘက်၊ ဒဟတ်တောကျေးရွာအုပ်စုရှိ မြေဧရိယာ (၈.၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် PVC profilesများ၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ (ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ Myanmar Conch (Mandalay) Green Building Materials Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ဆူးခေါက်နက်ကွင်းအရှေ့ဘက်၊ ဒဟတ်တောကျေးရွာ၊ အမှတ် ၄၅၆-ခ/၂ ရှိ မြေဧရိယာ (၈.၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် PVC profilesများ၊ ပိုက်များ၊ ပိုက်ဆက်များ၊ တံခါးရွက်နှင့် ပြတင်းတံခါးများထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်းအတွက် Myanmar Conch (Mandalay) Green Building Materials Co.,Ltd. ၏၂၀-၉-၂၀၂၄ ရက်စွဲပါစာအမှတ်၊ MCM/၀၀၁/၉/ ၂၀၂၄ဖြင့် တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)အစီရင်ခံစာတွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ပါ အလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် စက်ရုံမြေဧရိယာပေါ်တွင် PVC profile ပုံသွင်းကုန်ထုတ်လိုင်း ၅ ခု ၊ PVC ပိုက် ပုံသွင်းကုန်ထုတ်လိုင်း ၄ ခု၊ PVC ပိုက် ပုံလောင်းသည့် ကိရိယာ ၆ စုံနှင့် စတီးလ်အရော တံခါးရွက်နှင့် ပြတင်းရွက်များ ကုန်ထုတ်လိုင်း ၂ ခု ပါဝင်သည့် အပေါ့စား စတီးလ်ဆောက်အဦ ၂ ခု တည်ဆောက်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်မှုများတွင် အဆောက်အဦ၏ အခြေခံအုတ်မြစ်ချခြင်းနှင့် အဆောက်အဦတည်ဆောက်ခြင်း အဆင့်များပါဝင်သည့် ဆောက်လုပ်ရေးအဆင့်၊ ကုန်ကြမ်းပြင်ဆင်ခြင်း၊ Profiles ထုတ်လုပ်ခြင်း၊ ပိုက်ထုတ်လုပ်ခြင်း၊ PVC ပိုက်ဆက်များ ထုတ်လုပ်ခြင်း၊ တံခါးရွက်နှင့် ပြတင်းတံခါးများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့် ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်များနှင့် စက်ပစ္စည်းများ ကောင်းမွန်မှုရှိစေရေး အခါအားလျော်စွာ စစ်ဆေး ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) မြေသား လမ်းများပေါ်တွင် သွားလာနေစဉ် ယာဉ်များ၏ အမြန်နှုန်း ကန့်သတ်ချက်နှင့် မြေဆီလွှာ၊ ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသော ယာဉ်များကို ဖုံးအုပ်သယ်ယူခြင်းများ ဆောင်ရွက်ရန်၊

(၄) လေထုတွင် VOCs များ ပါဝင်မှုကို လျှော့ချရန် လေဝင်လေထွက်ကောင်းမွန် စေရေး ဆောင်ရွက် ရန်၊

(၅) စက်ပစ္စည်းများနှင့် စက်ယန္တရားများကို ထိရောက်စွာ လည်ပတ်စေပြီး ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်ရန်၊

(၆) ပစ္စည်းများကို ဖုန်မထုတ်နိုင်သော လေလုံသည့် ပိုက်ကြိုး (သို့မဟုတ်) လေဟာနယ်မှတစ်ဆင့် သယ်ယူခြင်းများ ဆောင်ရွက်ရန်၊

(၇) ကုန်ကြမ်းပစ္စည်းများကို ဂိုဒေါင်၊ မီတာလုပ်ငန်းစဉ်နှင့် ပင်မစက်ပစ္စည်းများတွင် ဖုန်မှုန့်ဖယ်ရှားသည့် စနစ်ကို အသုံးပြုဆောင်ရွက်ရန်၊

(၈) စက်ရုံတွင် လေဝင်လေထွက်စနစ်များ တပ်ဆင် ဆောင်ရွက်ရန်။

(ဃ) **မြေအောက်ရေနှင့်မြေပေါ်ရေအရည်အသွေးစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့်ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းရပ်ကွက်နှင့် အိမ်သာများ ဆောက်လုပ်ခြင်းမှ မိလ္လာများသည် အိမ်တွင်း မိလ္လာကန်ထဲသို့ တိုက်ရိုက်စီးဆင်းစေရေး ဆောင်ရွက်ရန်၊

(၂) ဆီ၊ ချောဆီနှင့် လောင်စာဆီများအား အလုံပိတ်အဆောက်အဦတွင် စနစ်တကျ သိုလှောင်ထားပြီး မိုးရေမှ ကာကွယ်နိုင်ရန် ဆောင်ရွက်ရန်၊

(၃) လောင်စာဆီနှင့် ချောဆီယိုဆိမ့်မှု အန္တရာယ်ကို လျှော့ချရန် မော်တော်ယာဉ်နှင့် စက်ယန္တရားများအားလုံးကို ပုံမှန်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(၄) ရေသုံးစွဲမှုအား ထိန်းချုပ်ခြင်းနှင့် မြေဆီလွှာထိခိုက်မှု လျော့နည်းစေရန် ရေဆိုး စွန့်ပစ်မှုအား စနစ်တကျ စီမံ ဆောင်ရွက်ရန်၊

(၅) စီမံကိန်း၏ ရေစီမံခန့်ခွဲမှုစနစ်သည် စက်ရုံမှ မစွန့်ပစ်ဘဲ ပြန်လည်အသုံးပြု ဆောင်ရွက်ရန်၊

(၆) ရုံးနှင့် ဝန်ထမ်းအိပ်ဆောင်များတွင် အလုပ်သမားများမှ ထွက်လာသော ရေဆိုး များအား စနစ်တကျ ဆောင်ရွက်ရန်။

(င) **မြေထုအရည်အသွေးစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့်ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆီများ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအတွက် ယိုစိမ့်မှုဒဏ်ခံနိုင်သော ကွန်တိန်နာများကို အသုံးပြုဆောင်ရွက်ရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းမှ ထွက်ရှိလာသော အမှိုက်များကို ပုံမှန်စုဆောင်းပြီး အမိုးဖြင့် ဖုံးအုပ်ဆောင်ရွက်ရန်၊

(၃) သတ်မှတ်ထားသော လုပ်ငန်းဧရိယာပြင်ပရှိ လမ်းများတွင် စက်ကိရိယာနှင့် ယာဉ်များ မောင်းနှင်ခြင်းမပြုရန် တားမြစ် ဆောင်ရွက်ရန်၊

(၄) လည်ပတ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသည့် ဆီ၊ ချောဆီများ ယိုဖိတ်ခြင်းကြောင့် မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်ခြင်းမှ ရှောင်ရှားရန် သင့်လျော်သော ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ရန်၊

(၅) စက်ရုံ/ ထိန်းသိမ်းမှုလုပ်ငန်းစဉ်တွင် အသုံးပြုသော ချောဆီများကို အလုပ်ရုံ သို့မဟုတ် အလုံပိတ်နေရာများတွင် သိမ်းဆည်း ဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့် ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားများအား အသံလုံစနစ်များဖြင့် တပ်ဆင်အသုံးပြုဆောင်ရွက်ရန်၊

(၂) ဆူညံသံဖြစ်ပေါ်သော အနီးတစ်ဝိုက်တွင် သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း၊ ဝန်ထမ်းများအား အသိပေးခြင်း၊ တစ်ကိုယ်ရေအကာအကွယ်ပစ္စည်းများ ဝတ်ဆင် အသုံးပြုဆောင်ရွက်ရန်၊

(၃) ဆူညံသံထွက်ရှိစေမည့် ဆောက်လုပ်ရေးလုပ်ငန်းများကို အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက်ရန်၊

(၄) ဆူညံသံထွက်ရှိမှုနည်းသော ကိရိယာများကို ရွေးချယ်အသုံးပြုဆောင်ရွက်ရန်၊

(၅) ပန်ကာများနှင့် လေဝင်လေထွက်ပေါက်များတွင် mufflers တပ်ဆင်ဆောင်ရွက်ရန်၊

(၆) ဆူညံသံပိုမြင့်သော စက်ပစ္စည်းများအတွက် အသံထိန်းကိရိယာများ တပ်ဆင်အသုံးပြု ဆောင်ရွက်ရန်၊

(၇) ဆူညံသော ထုတ်လုပ်မှုလုပ်ငန်းစဉ်များအတွက် အလုံပိတ်အလုပ်ရုံများ တည်ဆောက် အသုံးပြုဆောင်ရွက်ရန်၊

(၈) စက်ပစ္စည်းကိရိယာများအား ပုံမှန်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့် ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း စွန့်ပစ်ပစ္စည်းအမျိုးအစားအားလုံးကို စာရင်းပြုစုပြီး ခွဲခြားစွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၂) သတ္တုနှင့် သစ်အညစ်အကြေးများကို ပြန်လည်အသုံးပြုသည့် ဈေးကွက်သို့ တိုက်ရိုက် ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၃) အမှိုက်များနှင့် အန္တရာယ်ရှိသော ပစ္စည်းများကို မြို့နယ်စည်သာယာရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) ပြန်လည်အသုံးပြုနိုင်သော အမှိုက်များအား ခွဲခြားသိမ်းဆည်း၍ ပြန်လည် ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိသော ပစ္စည်းများအားလုံးကို ရှင်းလင်းစွာ တံဆိပ်တပ်ထားသော ဘူးများတွင် သိမ်းဆည်းဆောင်ရွက်ရန်၊

(၆) အန္တရာယ်ရှိသော ပစ္စည်းများ သိုလှောင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းတို့အား နိုင်ငံတော်နှင့် ဒေသဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၇) သုံးစွဲထားသောဆီများ (ထရန်စဖော်မာဆီအပါဝင်)ကို ပြန်လည်အသုံးပြု ဆောင်ရွက်ရန်၊

(၈) စွန့်ပစ်အမှိုက်များအား အမျိုးအစားခွဲခြားစုစည်း၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ဆောင်ရွက်ရန်။

(ဈ) **အနံ့ထွက်ရှိမှုစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့် ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ထုတ်စက်ရုံများတွင် အနံ့အသက်များကို စွန့်ထုတ်ရန် လေဝင်လေထွက် စနစ်များ တပ်ဆင်ဆောင်ရွက်ရန်၊

(၂) ထုတ်ယူခြင်းနှင့် ပုံသွင်းခြင်းလုပ်ငန်းစဉ်များတွင် အပူချိန်ထိန်းသိမ်းရန် VOCs များ ထုတ်ပေးခြင်းများဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအား နှာခေါင်းစည်းများ၊ အသက်ရှူကိရိယာများနှင့် PPE များ ဝတ်ဆင်ပြုလုပ်ဆောင်ရွက်ရန်၊

(၄) စက်ဆီ၊ ချောဆီများ ယိုစိမ့်မှုအနည်းဆုံးဖြစ်စေရေးအတွက် စက်ပစ္စည်းများကို ပုံမှန်ထိန်းသိမ်းခြင်း၊ အနံ့ဆိုးများထွက်စေနိုင်သော ချို့ယွင်းချက်များကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်။

(ည) **ယာဉ်ကြောပိတ်ဆို့မှုစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့် ကာလများ တွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်း ယာဉ်အမြန်နှုန်းအား သတ်မှတ် အမြန်နှုန်းအတွင်းသာ မောင်းနှင်ဆောင်ရွက်ရန်၊

(၂) ကားရပ်နားရာနေရာအား လုံလောက်စွာ ထားရှိဆောင်ရွက်ရန်၊

(၃) ယာဉ်အဝင်/အထွက်စာရင်းအား စာရင်းပြုစု ထားရှိခြင်းနှင့် အချိန်ကန့်သတ်ခြင်းများ ဆောင်ရွက်ရန်။

(ဋ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** လုပ်ငန်းတည်ဆောက်ရေးနှင့် လည်ပတ်သည့် ကာလများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်းနှင့် အနီးဝန်းကျင်ရှိ ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအတွင်းနှင့် အနီးတစ်ဝိုက်ရှိ ရှားပါး အပင်မျိုးစိတ်များအား ထိန်းသိမ်း ဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများ စားသောက်ရေးအတွက် သစ်ပင်များ ခုတ်လှဲခြင်း မပြုစေရေးနှင့် ချက်ပြုတ်ရာတွင် ပြုတ်ကျနေသော သစ်ပင်အကိုင်းအခက်များနှင့် မီးသွေးများ ကို အသုံးပြုဆောင်ရွက်ရန်၊

(၄) စီမံကိန်းဧရိယာပြင်ပရှိ အသီးအရွက်များကို ထိန်းသိမ်းဆောင်ရွက်ရန်၊

(၅) သစ်တောထွက်ပစ္စည်းများကို မှောင်ခိုရောင်းဝယ်ခြင်းနှင့် စုဆောင်းခြင်းများကို ကန့်သတ် ဆောင်ရွက်ရန်၊

(၆) တောရိုင်းတိရစ္ဆာန်များနှင့် ရှားပါးအပင်မျိုးစိတ်များအား အမဲလိုက်ခြင်းကို တင်းကျပ်စွာ တားမြစ်ဆောင်ရွက်ရန်။

(ဠ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) HIV/ AIDS ကဲ့သို့သော ကူးစက်ရောဂါများ ပြန့်ပွားခြင်းမှ ကာကွယ်ရန် အလုပ်သမားများအား အသိပညာပေးသင်တန်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာသင်တန်းများ ပုံမှန် ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အလုပ်သမားများအား တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင် အသုံးပြုရန်၊

(၃) လုပ်ငန်းခွင်အတွင်း ဖြတ်သန်းသွားလာနေသော ယာဉ်များအား အချိန် ကန့်သတ်ခြင်း၊ ယာဉ်အမြန်နှုန်းများအား ကန့်သတ် မောင်းနှင်စေခြင်းနှင့် ဝန်ထမ်းများအား လုပ်ငန်းချိန်အတွင်း အရက်သေစာသောက်စားခြင်းတို့အား ကြပ်မတ်ဆောင်ရွက်ရန်။

(ဥ) **လူမှုစီးပွားရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ပြည်တွင်းပြည်ပ အလုပ်သမားများအတွက် လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ဒေသခံပြည်သူများနှင့် အခြားဒေသများမှ ပြည်သူများအား အလုပ်အကိုင်များ ဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများခန့်ထားရာတွင် ဒေသခံများကို ဦးစားပေး ခန့်ထားခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၄) အလုပ်သမားလုပ်သားများအား ကျန်းမာရေးနှင့် ဘေးကင်းရေးမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များ ဆောင်ရွက်ရန်။

(ဍ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေမီးငြိမ်းသတ်စနစ်၊ ဓာတ်ငွေ့နှိမ်နင်းစနစ်၊ မီးသတ်ဆေးဘူးနှင့် မီးအချက်ပေးစနစ်များအား စီစဉ်ဆောင်ရွက်ရန်၊

(၂) မီးသတ်ရေလှောင်ကန် ထားရှိရန်နှင့် အရေးပေါ် ရေသွယ်စနစ်များနှင့် မီးသတ်ရေပိုက်များအား စီစဉ် ထားရှိရန်၊

(၃) စက်ရုံအတွင်း Ionization အမျိုးအစား မီးခိုး ထောက်လှမ်းစနစ်၊ Linear အပူအာရုံခံကြိုး ထောက်လှမ်းကိရိယာနှင့် Quartzoid မီးသီးအပူ ထောက်လှမ်းစနစ်များ တပ်ဆင်ထားရှိရန်၊

(၄) မီးလောင်လွယ်သော ပစ္စည်းများအား သင့်လျော်သော သီးသန့်အခန်းတွင် သိမ်းဆည်းအသုံးပြုရန်၊

(၅) မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များအား မြင်သာသောနေရာတွင် ထားရှိရန်၊

(၆) စက်ရုံအတွင်းရှိ အဆောက်အဦအထပ် တစ်ခုတိုင်းစီတွင် ပြေးလမ်းမြေပုံများနှင့် မီးဘေးရှောင်လမ်းများကို ရှင်းရှင်းလင်းလင်း ထားရှိရန်၊

(၇) ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆက်သွယ်၍ အရေးပေါ် မီးဘေးကာကွယ်ရေးအသိပညာပေးသင်တန်းများ စီစဉ် ဆောင်ရွက်ရန်နှင့် လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်းနှင့် မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဃ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ $NO_x$, $SO_2$, $PM_{10}$, $PM_{2.5}$, CO and Total Particulate Matter စသည့် Parameter များအား စက်ရုံနှင့်အနီးတစ်ဝိုက်တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း ကိုက်ညီမှုရှိစေရေး တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) မြေအောက်ရေနှင့်မြေပေါ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ BOD, COD, Water Temperature, pH, Salinity, Electrical, Conductivity, Dissolved Oxygen, Total Dissolved Solid, Turbidity, Colour စသည့် Parameter များအား စက်ရုံနှင့်အနီးတစ်ဝိုက်တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း ကိုက်ညီမှုရှိစေရေး တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) မြေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, Cadmium(Cd), Copper(Cu), Zinc (Zn), Manganese (Mn), Lead (Pb), Arsenic (As), Iron (Fe), Chromium (Cr), Mercury (Hg), Nickel (Ni) စသည့် Parameter များအား စီမံကိန်းဧရိယာ အတွင်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း ကိုက်ညီမှုရှိစေရေး တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၄) ဆူညံသံနှင့်တုန်ခါမှုပတ်သက်၍ Noise level အား dBA ဖြင့် ဖော်ပြပြီး စက်ရုံအတွင်းတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း ကိုက်ညီမှုရှိစေရေး တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) အနံ့ဆိုးထွက်ရှိမှုနှင့်ပတ်သက်၍ စက်ရုံရှိ ပင်မဝင်ပေါက်၊ စွန့်ပစ်ရေထွက်ရှိရာနေရာ၊ စက်ရုံ၏အရှေ့ဘက်နှင့် စွန့်ပစ်ရေများ သန့်စင်ရာကန်တို့တွင် အနံ့ယူနစ် 5-10 အတွင်း ရှိစေရေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း ကိုက်ညီမှုရှိစေရေး တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) ယာဉ်လမ်းကြောင်းကင်းရှင်းရေးနှင့်ပတ်သက်၍ စက်ရုံအတွင်းနှင့် စက်ရုံအနီးတစ်ဝိုက်တွင် ယာဉ်သွားလာမှု မှတ်တမ်းနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု မှတ်တမ်း များအား လစဉ် မှတ်တမ်းထားရှိရန်၊

(၇) စွန့်ပစ်အစိုင်အခဲထွက်ရှိမှုနှင့်ပတ်သက်၍ စက်ရုံအတွင်းရှိ စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့် စွန့်ပစ်မှုတို့ကို နေ့စဉ် မှတ်တမ်းထားရှိ၍ ပုံမှန် စစ်ဆေးခြင်းနှင့်လစဉ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၈) အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စက်ရုံအတွင်းရှိ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဓာတုပစ္စည်းများ သိုလှောင်ရာနေရာအား ပုံမှန် စစ်ဆေးခြင်းနှင့် အရေးပေါ်ပစ္စည်းများအား ကြံ့ခိုင်မှု ရှိ/မရှိအား လစဉ် စစ်ဆေးဆောင်ရွက်ရန်၊

(၉) ဇီဝမျိုးစုံမျိုးကွဲများနှင့် စပ်လျဉ်း၍ စီမံကိန်းအနီးတစ်ဝိုက်ရှိ သစ်ပင်၊ ပန်းပင်များအား နှစ်စဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(ဏ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ် အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုလား ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ထ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် ခန့်မှန်းဘတ်ဂျက် စုစုပေါင်းကုန်ကျငွေ ကျပ် ၄၇,၀၀၀ အား တစ်ဖက်ပါအတိုင်း လျာထားသုံးစွဲရန် -

| No | Plan | Estimated Budget (USD) |
|---|---|---|
| 1 | Air Quality Management Plan | 5,000 |
| 2 | Noise and Vibration Management Plan | 5,000 |
| 3 | Water Quality Management Plan | 5,000 |
| 4 | Waste Management Plan | 3,000 |
| 5 | Soil Management Plan | 2,000 |
| 6 | Biodiversity Management Plan | 5,000 |
| 7 | Socio-economic Management Plan | 2,000 |
| 8 | Cultural Management Plan | 1,000 |
| 19 | Emergency Response Plan | 5,000 |
| 10 | Occupational Health and Safety Plan | 3,000 |
| 11 | Community Health and Safety Plan | 2,000 |
| | **Total** | **38,000** |

| No | Monitoring Plan | Estimated Budget (USD) |
|---|---|---|
| 1 | Air Quality Monitoring | 2,000 |
| 2 | Noise and Vibration Monitoring | 1,000 |
| 3 | Water Quality Monitoring | 2,000 |
| 4 | Waste Management Monitoring | 500 |
| 5 | Soil Management Monitoring | 500 |
| 6 | Biodiversity Management Monitoring | 500 |
| 7 | Socio-economic Management Monitoring | 1,000 |
| 8 | Occupational Health and Safety Monitoring | 1,000 |
| 9 | Community Health and Safety Monitoring | 500 |
| | **Total** | **9,000** |

လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက် ဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ကတိကဝတ်များ၊ အထက်အပိုဒ်(၆)တွင် ဖော်ပြထားသည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့်ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင်တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မိ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့်အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အန့်အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့်ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ)စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ် တည်ဆောက်ခြင်းအားဖြင့်ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **လေထုအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** လေထုအရည်အသွေးဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှုန်အမွှား (PM)များ၊ VOC များ ထွက်ရှိမှုကြောင့် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ရှိ လေထုညစ်ညမ်းမှုမရှိစေရေး စောင့်ကြည့်တိုင်းတာခြင်း၊ လျှော့ပါးအောင် ပြုလုပ်ခြင်းတို့ လိုက်နာဆောင်ရွက်ရန်၊

(၂) အနံ့ထွက်ရှိမှုလျော့နည်းစေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်(၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ စွန့်ပစ်ရေသန့်စင်သောစနစ် ထားရှိ၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှသာ စွန့်ပစ်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) အနှံ့ထွက်ရှိမှု မရှိစေရေး ဆောင်ရွက်ရန်နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်ပါ အနံ့ယူနစ် ၅ မှ ၁၀ အတွင်း ရှိစေရေး စီမံ ဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းတွင်အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါကပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ဝယ်ယူခြင်း၊ တရားမဝင် သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက် ရမည်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ် ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြု သူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည် ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **အထွေထွေစည်းကမ်းချက်များ။** အထွေထွေစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ကုန်ကြမ်းပစ္စည်းများ တင်သွင်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့် ရယူဆောင်ရွက်ရန်၊

(၂) ပြည်တွင်းမှကုန်ကြမ်းပစ္စည်းများ တိုးမြှင့်သုံးစွဲနိုင်ရေး အလေးထားလိုက်နာ ဆောင်ရွက်ရန်။

(ဇ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့်ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါကစီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအားနစ်နာကြေးပေးချေခြင်း၊သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြိုးကြပ်ဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ အတိုင်းလိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ

ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိ ရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄နာရီအတွင်း လည်းကောင်း၊အခြား အကြောင်း ကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင် သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲ မှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက)စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံ ရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဋ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၅) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့်အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၃) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါအကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှု များအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ

စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက)စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန် တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ် ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ် များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်း စစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဃ) ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။ ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည်စီမံကိန်းအကောင်အထည်ဖော်မှုကိုမည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့ အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---